ကရူးဆိတ် စစ်ပွဲများ

နိဒါန်း-

ကရူးဆိတ် စစ်ပွဲများ ဟူသည်မှာ အဘယ်နည်း၊ မည်သည့်ကြောင့် ဖြစ်ပွားခဲ့သနည်း- ဆိုသည်ကို အတတ်နိုင်ဆုံး- မှန်ကန်စွာ သိရန် လိုပါသည်။

(၁) ရောမအင်ပါယာခေါ် အနောက်အင်အားစုများသည် အရှေ့အလယ်ပိုင်းဒေသများ သိမ်းပိုက်ပြီး ဂျေရုဆလင်မြို့အား အုပ်ချုပ်ခဲ့သည်မှာ ခရစ်တော် မမွေးမီက ကာလကပင် ဖြစ်သည်။ ခရစ်တော်ယေရှု ပွင့်ပေါ် လာ၍ တရားဟောပြောစဉ်ကလည်း- ဂျူးတို့အား တော်လှန်ရေးစိတ် သွင်းပေးသည်ဟု စွပ်စွဲချက်ဖြင့် ရောမအုပ်ချုပ်ရေးမှူးများကပင် ကားတိုင်တင်ခဲ့ခြင်း ဖြစ်သည်။

(၂) ခရစ်ယာန်တို့ အင်အားထွားလာချိန်တွင် ရောမတို့မှာ သူတို့ကိုယ် သူတို့ ခရစ်ယာန်အရောင်ကို ဆိုးလျှက် ဂျေရုဆလင်အပါအဝင် အရှေ့အလယ်ပိုင်းအား ဆက်လက် အုပ်ချုပ်ထားခဲ့သည်။

(၃) အေဒီ ၇ ရာစုတွင် အစ္စလာမ်သာသနာ ထိုးဖေါက်ကျယ်ပြန့်လာသော အခါ-ဂျေရုဆလင်မှ ရောမသားတို့မှာ အာဏာလက်လွတ်ဖြစ်ခဲ့ရသည်။ သို့သော် ရောမသားချင်း ဥရောပ၌ အာဏာလု ပြည်တွင်းစစ်ဖြစ်နေသည်က တစ်ကြောင်း၊ မွတ်စလင်တို့မှာလည်း အင်အားကြီးထွား လာသည်က တစ်ကြောင်းဖြင့် ရောမသားတို့မှာ မွတ်စလင် တို့အား ဂင်ရောက်တိုက်ခိုက်နိုင်ခြင်း မရှိခဲ့ချေ။

(၄) တစ်စစ ကျယ်ပြန့်လာသော အစ္စလာမ်သာသနာသည် ဥရောပတွင်းထိ ပျံ့နှံ့လာခဲ့သည်။ ဆယ်ရာစုနှင့် ဆယ့်တစ်ရာစုတွင် ဥရောပသားတို့မှာလည်း အင်အားပြန်လည် ထွားလာခဲ့သည်။ သို့ဖြင့် ၎င်းတို့က ဂျေရုဆလင်ကို အကြောင်းပြုလျှက် မွတ်စလင်နယ်မြေများအား ခရစ်ယာန် အုပ်ချုပ်ရာဒေသများ အဖြစ် ပြောင်းလဲပစ်ရန် ကြံစည်လာတော့သည်။ ရောမသား ခရစ်ယာန်များမှာ မွတ်စလင်ဒေသတွင်းရှိ တိုင်းရင်းသား ဒေသတို့အား ထိုးဖေါက်က သာသနာပြုခြင်းကို အကြောင်းပြုလျှက် ၎င်းတို့၏ နိုင်ငံရေးနယ်အား စတင်ချဲ့ထွင်လာခဲ့သည်။

(၅) မွတ်စလင် အင်ပါယာအား အုပ်ချုပ်ထားသော စလ်ဂျစ်တာ့က်မင်းဆက်တို့က ရောမသားတို့၏ လှုပ်ရှားလာမှုအား သိရှိသဖြင့် ဂျေရုဆလင်အား ရောမသား ခရစ်ယာန်များ မဂင်ရဟု အမိန့်ထုတ်ခဲ့သည်။ သို့သော် ထိုအမိန့်မှာ ဒေသခံ ခရစ်ယာန်များ- ဂျူးများနှင့် အခြားသော တိုင်းရင်းသားတို့ အပေါ် သို့ မသက်ရောက်ချေ။ ထို့ကြောင့် ဂျေရုဆလင်တွင် ဒေသခံ ခရစ်ယာန်များ- ဂျူးများ၊ မွတ်စလင်များ အတူစုပေါင်းလျှက် ငြိမ်းချမ်းစွာ နေထိုင်ခဲ့သည်။

(၆) စလ်ဂျစ်တာ့က် တို့က ဂျေရုဆလင်သို့ ရောမသား ခရစ်ယာန်များ မဂင်ရဟူသော အမိန့်ကို ရောမခရစ်ယာန် ပုပ်ရဟန်းမင်းကြီး အာဘန် (၂) နှင့် အင်အားထွားလာပြီး နယ်ချဲ့လိုသော ဥရောပ စစ်ဘုရင်များက မွတ်စလင်တို့က ရောမကို ဖြုတ်လျှက် ကမ္ဘာ့ ခရစ်ယာန်များ အားလုံးကို စော်ကားသည်ဟု ဂါဒဖြန့်ကာ- ရောမခရစ်ယာန်

သာသနာအား စစ်အင်အားဖြင့် ဖြန့်ချီလိုသော ပုပ်ရဟန်းနှင့် နိုင်ငံရေး တိုးချဲ့လိုသော စစ်ဘုရင်များ ပူးပေါင်းက မွတ်စလင်နယ်များသို့ ကျူးကျော် တိုက်ခိုက်လေတော့သည်။

စစ်ဖြစ်ရာ ဒေသတစ်လျှောက်နှင့် ရောမခရစ်ယာန်များ သိမ်းပိုက်မိရာ ဒေသတစ်လျှောက်တွင် မွတ်စလင်အုပ်ချုပ်မှုအောက်၌ ငြိမ်းချမ်းစွာ ဘိုးစဉ်ဘောင်ဆက်နေထိုင်ခဲ့သော ရောမခရစ်ယာန် (ရိုမန်ကက်သလစ်) မဟုတ်သည့် ခရစ်ယာန်များ၊ ဂျူးများ၊ တိုင်းရင်းရိုးရာ ဘာသာဝင်များ မွတ်စလင်များမှာ ကလေးလူငယ် သက်ကြီးရွယ်အို အမျိုးသမီးဟူ၍ ကင်းလွတ်ခွင့်မရှိ မျိုးပြုတ်သတ်ဖြတ်ခံရလေတော့သည်။

ဂျေရုဆလင်၌ မွတ်စလင်၊ ဂျူး၊ ဒေသခံ ခရစ်ယာန်၊ ဒေသခံတိုင်းရင်းရိုးရာ ဘာသာဝင်များ စုပေါင်း ခုခံခဲ့သော်လည်း အင်အားခြင်း မမျှ၍ ကျဆုံးခဲ့ရကာ- ရိုမန်ကက်သလစ် ခရစ်ယာန်သို့ ကူးပြောင်းခဲ့သော ခရစ်ယာန်မှအပ ကျန် အားလုံးကို မျိုးပြုတ်သတ်ဖြတ်ခဲ့လေတော့သည်။

ရောမခရစ်ယာန်တို့မှာ ဂျေရုဆလင်တွင်သာမက အခြားသော အသင်းတော်မတူညီသည့် ခရစ်ယာန် အသင်းတော်ငယ် အုပ်စုတို့အား သူတို့၏ ရိုမန်ကက်သလစ် အသင်းတော်သို့ မဝင်မနေရ ဓါးမိုးသာသနာပြုခဲ့လေသည်။ ထိုသမိုင်းတွဲအား - အစဉ်ဖတ်နိုင်ရန် ကမ္ဘာ့ သမိုင်းပညာရှင်များ စုစည်းတင်ပြထားသည့် ကရူးဆိတ် ခရစ်ယာန် သာသနာပြု သမိုင်းအား ဘာသာပြန်ဆို တင်ပြပါသည်။

ခရစ်ယာန် သာသနာပြုသမိုင်း ဆက်များမှာ-----